# Highlights from DVB Debate's *ELECTORAL SYSTEM* show

## "IS Burma ready for a PR system?"

25/10/2014

---

"အနိုင်ရသူ အကုန်ယူစနစ်မှာက အနိုင်နဲ့အရှုံးပဲရှိတယ်. အချိုးကျကိုယ်စားပြုစနစ်မှာ
အရှုံးမရှိအနိုင်ရစနစ်(win win system)ဖြစ်တယ်. ဒီစနစ်နဲ့သွားရင် မဲထည့်တဲ့ ပြည်သူက
သူတို့မဲပေးချင်တဲ့ကိုယ်စားလှယ်အတွက် သူတို့ရဲ့မဲတပြား အလကားမဖြစ်တော့ဘူး"
ဦးသုဝေ - ဥက္ကဋ္ဌ၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)

"In the Win-Lose [FPTP] system, there is only the winner and the losers. With PR we can see a win-win system. If we go with this system, the voters who voted for their representatives, their votes won't be wasted."
U Thu Wai-President - NDF(Myanmar)

— — — — — — — — —-

"အနိုင်ရသူအကုန်ယူစနစ်(FPTP)မှာ နောက်ဆုံးကျန်ခဲ့မှာ အင်အားကြီးပါတီ ၁-၂ ပဲဖြစ်တယ်။
တိုင်းနဲ့ပြည်နယ်တွေအတွက် ဝန်ကြီးချုပ်တွေဘာတွေရွေးရင်လဲ အဲဒီအင်အားကြီးပါတီကလူတွေပဲ
သွားနေမှာ..ဒီတော့ အချိုးကျကိုယ်စားပြုစနစ်(PR)ဟာ တိုင်းရင်းသားတွေလိုလားတဲ့
ဖက်ဒရေးရှင်းပုံစံဖော်လို့ရတယ်။"

ရှိန်းထွန်း - အထွေအထွေအတွင်းရေးမှူး (၁)၊ ချင်းတိုးတက်ရေးပါတီ

"With the FPTP system, only one or two big parties will win. When we elect ministers for the states and divisions people from these big parties will also be chosen. But with PR, we can create the federal system that the ethnic people want"

Shaing Htun- Secetary General(1), Chin Progress Party

— — — — — — — — —-

"လွှတ်တော်ထဲမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၀၀ ရာခိုင်နှုန်းလုံးဟာ
ပြည်သူရွေးချယ်လိုက်တဲ့လူတွေချည်း ဟုတ်လို့လား.. ၂၅ ရာခိုင်နှုန်းရှိနေတဲ့
တပ်မတော်သားကိုယ်စားလှယ်တွေကိစ္စ အရင်မပြောဘဲ အချိုးကျကိုယ်စားပြုစနစ်(ပီအာရ်) ကျင့်သုံးဖို့
ပြောနေတာက မဖြစ်သင့်ဘူးဗျ"

ဦးမြအေး - ၈၈မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း

"Are 100% of MPs in the parliament selected by the people? We're not discussing the 25% of seats reserved for the military. Why are we discussing PR before this? Talking about practicing a PR system should not happen first"

Mya Aye- 88 Generation and Open Society

“ရှုပ်ထွေးအောင်လုပ်ထားတဲ့ နိုင်ငံရေးစနစ်နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လယ်ယာမြေပြဿနာ၊ အလုပ်သမားဆန္ဒပြပွဲတွေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် ဒါတွေ ဖြေရှင်းဖို့ အင်အားကောင်းတဲ့ အစိုးရဖြစ်ဖို့လိုတယ်။ အချိုးကျကိုယ်စားပြုစနစ်**(**ပီအာရ်**)**ကျင့်သုံးမယ်ဆိုရင် လွှတ်တော်နဲ့အစိုးရအဖွဲ့ထဲမှာ အကွဲကွဲအပြားပြားတွေရောက်လာမယ်**..**ပီအာရ်စနစ်နဲ့ လွှတ်တော်ထဲရောက်လာမယ့် နိုင်ငံစနစ်က အင်အားကောင်းတဲ့ နိုင်ငံတခုဖြစ်လာမှာမဟုတ်ဘူး။”

ထင်လင်းဦး**(Wisdom Villa) -** နိုင်ငံရေးဝေဖန်သုံးသပ်သူ၊
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ပြန်ကြားရေးအဖွဲ့ဝင်**)**

“With our current complicated political system and constitution, we also have land grabbing issues, workers protests and the peace process. If we want to solve all of these issues, we need strong government. If we practice PR, there will be some diversification between government and parliament. The parliamentary system built on PR wouldn't lead to a strong and united country”

Htin Linn Oo (Wisdom Villa)- Political Analyst, NLD Information Team

————————-

“အနိုင်ရသူအကုန်ယူရွေးကောက်ပွဲစနစ်ပဲဖြစ်ဖြစ်.. အချိုးကျကိုယ်စားပြုစနစ်ပဲဖြစ်ဖြစ် အဓိကက ပြည်သူလူထုကို ပါတီတွေရော နိုင်ငံရေးသမားတွေ မမေ့ဖို့လိုတယ်. အခုဖြစ်နေတဲ့ ပြဿနာက ပြည်သူကိုမေ့ပြီး ကိုယ့်ပါတီ မဲ ဘယ်လောက်ရမလဲပဲ အခြေခံစဉ်းစားနေလို့”
ကိုမင်းမောင် - တက္ကသိုလ်ကျောင်းသားများသမဂ္ဂဖြစ်မြောက်ရေး

“Whether we use FPTP or PR, the main thing is both politicians and their parties should not forget about the people. Now, the problem is we are forgetting about the people but thinking about the number of votes that we’ll get for our parties”

Ko Minn Maung- University Students Union Initiative
——————

“အချိုးကျကိုယ်စားပြုစနစ်ဟာ မြန်မာနိုင်ငံအတွက် အဆင်သင့်မဖြစ်သေးဘူး။ အနိုင်ရသူ အကုန်ယူစနစ်ကျင့်သုံးနေမှ ဖွဲ့စည်းပုံပြင်မယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်သွားမယ်. အချိုးကျကိုယ်စားပြုစနစ်(ပီအာရ်)ကျင့်သုံးမယ်ဆိုရင် ပြည်သူ့အသံ ကိုယ်စားမပြုတဲ့ ပြည်သူလက်မခံတဲ့ ကိုယ်စားလှယ်တွေ ပါလာမှာ”

ဦးကျော်အောင် - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ပုစွန်တောင်မြို့နယ်)

“Myanmar is not ready for the PR system. If we use the FPTP system then the representatives who want to change the constitution will get seats in Parliament. If we use PR then MPs who don’t represent the public voices and are not acknowledged by the public will also come into parliament.”

U Kyaw Aung- NLD (Pazundaung Township)